## မြန်မာ့ငြိမ်းချမ်းရေးရုံပုံငွေသည် ထိရိုက်နစ်နာမှုများကို ယူဆောင်လာမည့်အရာ လုံးဝမဖြစ်ရ - ပေါလ်စိန်ထွား

လွန်ခဲ့သော လ အနည်းငယ်တွင် သတင်းမီဒီယာများမှ  မြန်မာပြည်အတွင်း ပြု လုပ်နေသော ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သည့်  KESAN ၏ သဘောထားအချို့ကို ဖေါ်ပြမှုများ ပြုလုပ်ကြသည်။  ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းသတင်းပါ အကြောင်းအရာများကို ပိုမိုရှင်းလင်းသိမြင်နိုင်ရန်ရည်ရွယ်ပြီး ဤစာတမ်းမှ ရှင်းလင်းပေးခြင်းနှင့် ပိုမို ကျယ်ကျယ်ပြန့်ပြန့် တင်ပြလိုက်ပါသည်။

## ငြိမ်းချမ်းရေးဖေါ်ဆောင်မှုနှင့် ငြိမ်းချမ်းရေး ရံပုံငွေ အပေါ်  ကျွန်ုပ်တို့၏ မျှော်မှန်းချက်

ခိုင်မာသည့် ငြိမ်းချမ်းရေး သည် ကရင် ပြည်သူများ၏ မျှော်လင့်ချက် ဖြစ်ပါသည်။  ဤမျှော်လင့်ချက်တွင် တရား ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီအစိုးရ ပေါ်ထွန်းရေး၊ ဘဂလုံခြုံ ရေး၊ သဘာဂအရင်းအမြစ်များ မျှတစွာ သုံးစွဲရေး၊ လိုအပ်သည့် ဂန်ဆောင်မှုများရရှိရေးဆိုသော အချက်များ ပါဝင်ပါသည်။ အထက်ဖေါ်ပြပါ အဆင့်များ အထိ ယခု ကျွန်ုပ်တို့ မရောက်ရှိသေးပါ။

ငြိမ်းချမ်းရေးရံပုံငွေသည် မြန်မာပြည်တွင် ငြိမ်းချမ်းရေး ယဉ်ကျေးမှုထွန်းကားလာရန်အတွက် အရေးပါသော အရာတခုဖြစ်လာနိုင်ပါသည်။ ဤငြိမ်းချမ်းရေးရံပုံငွေကို ကောင်းမွန်စွာ စီမံကွပ်ကဲပါက ၎င်းသည် ပန်းတိုင်တစ် ခုတည်းကိုသာ အတူတူ လျှောက်နေကြသော တိုင်းရင်းသားများနှင့် အစိုးရတို့အကြား လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖေါ်ဆောင်မှုလုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင် တွန်းဆောင်ပေးမည့် အရာတစ်ခု ဖြစ်လာနိုင် ပါသည်။

မည်သို့ပင်ဖြစ်စေ ဤကဲ့သို့ ငြိမ်းချမ်းရေးဖေါ်ဆောင်ရာတွင် ငြိမ်းခြမ်းရေးရန်ပုံငွေသည် တိုင်းပြည်အတွင်း  ငြိမ်း ချမ်းရေး အမှန်တကယ် ပေါ်ပေါက်လာရေးတွက် နစ်ရည်လများ တိုင်းပြည်နှင့်ပြည်သူလူထုအကြား အမြစ်တွယ် စွဲမြဲပြီး အစဉ်အဆက်ဆက် တည်ရှိခဲ့သော ပြဿနာ များကို ဖြေရှင်းရမည်၊ တိုင်းရင်းသားများ၏ အဓိက လိုအပ် မှု ကို ခွဲခြားဖေါ်ထုတ်သိမြင်နိုင်ရန် လုပ်ငန်းစဉ်တိုင်းတွင် အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ဆုံးဖြတ် နိုင်ခွင့်ကိုလည်း မြင့်တင်ပေးရမည်။

ငြိမ်းချမ်းရေး ရံပုံငွေ ကို ထိထိရောက်ရောက်စီမံကွပ်ကဲ ရာတွင် ပွင့်လင်းမြင်သာမှု အပြည့်အဝရှိခြင်း ၊ ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်ဘောင်အတွင်း ပူးပေါင်းပါဂင်မှုကို အားပေးခြင်း ၊ အစိုးရ မဟုတ်သည့် ပုဂ္ဂိုလ်များ နှင့်  အဓိ ပ္ပါယ် ရှိရှိကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ညှိနှိုင်းမှု ၊ ပါတီစုံ ဆွေးနွေးမှု ၊ ရှင်းလင်းသည့် အကဲ ဖြတ် သုံးသပ်မှု ပြု လုပ်ခြင်းများ  ပါဂင်ပါသည်။ သို့သော်ငြားလည်း ယနေ့အချိန်အထိ ကျွန်ုပ်တို့ မြင်တွေ့ရသည်မှာ ငြိမ်းချမ်း ရေးရံပုံငွေအတွက်  လက်ရှိလုပ်ဆောင်နေသောလုပ်ငန်းစဉ်များတွင်  အထက်ပါလုပ်ငန်းစဉ်နှင့်စံများ  ပါဝင်မှု မရှိပေ။

ငြိမ်းချမ်းရေးရံပုံငွေသည် ဒေသနှင့် နိုင်ငံတော်အဆင့် ငြမ်းချမ်းရေးလုပ်ဆောင်မှုများကို  အခိုင်အမာ အထောက် အကူပြုရမည်ဖြစ်သည်၊ ချေဖျက်ရမည် မဟုတ်ပေ။  တရားဂင်မှု၊ ညီညွတ်မှုအတွက် ငြိမ်းချမ်းရေးရံပုံငွေသည်

လက်သင့်ရာ ခေါင်းဆောင်များကို ရွေးချယ်ပြီး စီမံကိန်း ချမှတ်ခြင်း၊ တိုင်းရင်းသားခေါင်းဆောင်များအကြား သွေးကွဲမှုများဖြစ်ပေါ်စေရန် သွေးထိုးပေးခြင်း၊ လူထု (သို့မဟုတ်) အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးရန်ပုံငွေကို အလျင်စလိုအသုံးပြုချင်စိတ်ရှိလာစေရန် အမြင်ရှုပ်ထွေးစေခြင်း စသည့်လုပ်ဆောင်မှုများနှင့် ကင်းလွတ်ရမည်။

ငြိမ်းချမ်းရေးရံပုံငွေသည် မြန်မာပြည်၏ ပဋိပက္ခတွင် အဓိကကြိုးကိုင်ပါဝင်ပတ်သက်သူများ၊ မြန်မာပြည် တွင်း ပဋိပက္ခများ၏ နောက်ခံသမိုင်းကြောင်းများ ကိုစေ့စေ့စပ်စပ်၊ ပြည့်ပြည့်စုံစုံ၊ ရှင်းလင်းမြင်သာစွာ ကောက်နုတ်သုံးသပ်ထားသော သုံးသပ်ချက်များအပေါ် အခြေခံဖို့ လိုအပ်သည်သာမက ပဋိပက္ခ ဖြစ်ပွားနေသော တိုင်းရင်းသားနယ်တစ်ခုစီအတွင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်သော အခွင့်အရေးများကိုလည်း ပေးဖို့လိုအပ်သည်။

KESAN နှင့် အခြားသော ကရင်လူထုအခြေခံ အဖွဲ့အစည်းများသည် ငြမ်းချမ်းရေးဖေါ်ဆောင်နိုင်ရန်အတွက် အတူတကွ လက်တွဲပူးပေါင်း လုပ်ကိုင်လာသည်မှာ ဆယ်စုနှစ်တစ်ခုထက် မကတော့ပေ။ ကျွန်ုပ်တို့အားထုတ်လုပ်ဆောင်နေသော သဘာဂပတ် ဂန်းကျင် ထိန်းသိမ်းရေး၊ လူ့အခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးအားလုံးတို့သည် ငြိမ်းချမ်းရေး၊ ပဋိပက္ခများ နည်းသထက်နည်းအောင် လုပ်ဆောင်ရေး များနှင့် ဆက်နွယ်လျက်ရှိပါသည်။ အမှန်မှာ ယခုနှစ်စပိုင်းမှစပြီး အလှူ ရှင်များက ငြိမ်းချမ်းရေး ရံပုံငွေကို ဒရောသောပါး မချပေးမီခင်အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ဖေါ် ဆောင်မှုလုပ်ငန်းသည် အစကောင်းခဲ့ပါသည်။

KESAN ဆိုသည်မှာ လူထုအခြေပြု ဖွံ့ဖြိုးရေးနှင့် သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေး ပရဟိတ တိုင်းရင်းသားအဖွဲ့အစည်း ဖြစ်သည်။ ကျွန်ုပ်တို့ အနေနှင့် နယ်စပ်ဖြတ်ကျော် အကူအညီများ မပေးသော်လည်း နယ်စပ်ဖြတ်ကျော်ပြီး လူသားချင်းစာနာသည့် အကူအညီများပေးခြင်း၊ ရေရှည် ပဋိပက္ခ၏အနိဓါရုံနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကိုဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေသည့် ကရင်နှင့် တခြားတိုင်းရင်းသား ညီအစ်ကို မောင်နမ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

KESAN ၏ အမြင့်ဆုံး မျှော်လင့်ချက်သည် - ဤ ငြိမ်းချမ်းရေး ရံပုံငွေနှင့် ဆက်စပ်နေသည့် မြန်မာ အစိုးရ၊ KNU၊ ရံပုံငွေလုပ်ငန်းစဉ်များကို အကောင်အထည်ဖေါ်နေသည့် အဖွဲ့အစည်းများ၊ ရံပုံငွေ လက်ခံသူများ၊ အလှူရှင်များ အားလုံးမှ ကောင်းမွန်သော ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ကို အမှန်တကယ် လက်ခံသဘောတူ ကျင့်သုံးရန်သာ ဖြစ်သည်။

လုံခြုံမှု ကင်းမဲ့နေသောလူထုအား ထိခိုက် နစ်နာမှု မဖြစ်စေသောနည်းလမ်းဖြင့် ငြိမ်းချမ်းရေး ရံပုံငွေ ၏ မွန်မြတ် ရည်မှန်းချက်သို့ရောက်ရှိနိုင်သော လုပ်ငန်းစဉ်များကို ပိုမိုလုပ်ဆောင်ရန် လိုအပ်သည်။ မည်သည့် ငြိမ်းချမ်းရေးရံပုံငွေနှင့်မဆို ငြိမ်းချမ်းရေးဖေါ်ဆောင်ရာတွင် ဖေါ်ပြပါ ကရင် CSO များ၊ CBO များနှင့် ဆက်စပ်လျက် ကျွန်ုပ်တို့က ကောင်းကျိုးမျှော်ခါ ပူးပေါင်းဆောင်ရွက်သွားပါမည်။

**အဓိက အချက်များ --**

**လူထုအား ထုတ်ဖော် ပြောကြားမှု အားနည်းခြင်း။**

ပြည့်စုံမှု၊ ပွင့်လင်းမှု၊ အချိန်အခါနှင့်လိုက်လျောညီထွေမှု ရှိသည့် သတင်းအချက်အလက်ပေးခြင်း သည် အရေးပါသည့် ပူးပေါင်းပါဝင်မှုဖြစ်သည်။ နော်ဝေး ငြိမ်းချမ်းရေး ပံပိုးမှု အစီအစဉ် ( ယခုအခါ မြန်မာ ငြိမ်းချမ်းရေးပံ့ပိုးမှုအစီအစဉ် - MPSI ) သည် ၎င်းတို့၏ အင်တာနက်စာမျက်နှာ တွင် ငြိမ်းချမ်းရေး ရံပုံ ငွေ နှင့်ပတ်သက်သော သဘောထား အယူအဆ များ ကောက်နုတ်ချက်များ၊ မေးခွန်းနှင့် ပြန်လည် ဖြေဆိုမှုများ တင်ထားသော်ငြား လည်း ၎င်းတို့ ဖော်ပြ၍တင်ထားသော မှတ်တမ်းမှာ မှတ်တမ်း တစ်ခုလျှင် တစ်မျက်နှာမျှသာရှိသည်။ အ ခြား မှတ်တမ်းတစ်ခုမှာ စာမျက်နှာ နှစ်မျက်နှာသာ ရှိပြီး ရံပုံငွေနှင့် ပတ်သက်သော ယေဘူယျလုပ်နည်းကိုင်နည်းများကို အကြမ်းသဘော အဖြစ်သာ ဖော်ပြထားသည်။

နော်ဝေးငြိမ်းချမ်းရေး အထောက် အကူပြုအစီအစဉ်မှ ရေးဆွဲထားသော ၂၀၁၂ ခု ဇွန်လ ၁ ရက်နေ့ထုတ် ငြိမ်းချမ်းရေးရံပုံငွေနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်မူကြမ်းမှ စာမျက်နှာ ၂၁ တွင် ဖော်ပြချက်အရ " အကြွင်းမဲ့ ပွင့်လင်းမြင်သာမှု" ကို အောက်ပါအတိုင်း ရှင်းလင်းထားသည်။ "လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရန် ရန်နိုင် နန်း များသော ပြဿနာများကို ကြိုတင်သိမြင်နိုင်ရန် စီမံကိန်းများကို အနေအထားမှန်ကန်စွာ ချမှတ်မည်ဖြစ်သည့်အပေါ် မူတည်၍ ဖြစ်ပေါ်လာနိုင်သော နိုင်ငံရေးထိခိုက်နစ်နာဆုံးရှုံးမှုများ လျော့နည်းစေရန် နှစ်ဦးနှစ်ဘက် ပွင့်လင်းမြင်သာစွာ ပွင့်ပွင့်လင်းလင်း လုပ်ဆောင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ နှစ်ဦးနှစ်ဖက်မှ ပွင့်လင်းမြင်သာစွာ ပွင့်ပွင့်လင်းလင်း လက်တွဲလုပ်ကိုင်ခြင်းသည် (MPSI ) ကို စီမံကိန်း အားလုံးတွင် ဘက်မလိုက်သော ကြီးကျပ်စီစဉ်ဆောင်ရွက်သူအဖြစ် ပေါ်လွင်စေမည်ဖြစ်ပြီး နှစ်ဦးနှစ်ဘက် အကြား ယုံကြည်မှုကိုလည်း အစဉ်တည်ဆောက်နိုင်မှာဖြစ်သည်။"

ကျွန်ုပ်တို့ နိုင်ငံ၏ နိုင်ငံသားတယောက်အနေနှင့် ငြိမ်းချမ်းရေးရံပုံငွေနှင့်ပတ်သက်ပြီး မြန်မာအစိုးရနှင့် နားလည်မှု စာချွန်လွှာ ၊ သဘောတူညီချက်စသည်တို့၏ သတင်းအချက်အလက်ကို သိရှိရယူရန် အခွင့်အရေး ရှိသည်။ မည်သည့်အကြောင်းအရင်းကြောင့် စီမံကိန်း လုပ်ငန်းစဉ်ကို လူထုအကြား ပေါက်ကြား စေပြီး ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် အဓိကပါဝင်ပါတ်သက်နေသူ တိုင်းရင်းသားများမှ သိသင့်သိထိုက်သော အရေးပါ သတင်းအချက်အလက် များကိုမူ ပိတ်ပင်ထားရပါသနည်း။ မည်သည့် သဘောတူညီချက်များ ပါဝင်ပါသနည်း။ မြန်မာဘာသာ နှင့် တိုင်းရင်းသားဘာသာသို့ အဓိပ္ပါယ် ပြန်ဆိုထားသည့် ဤငြိမ်းချမ်းရေးရံပုံငွေနှင့် ပတ်သက်သော လုပ်ငန်းစဉ် များသည် မည်သည့်နေရာတွင် ရှိသနည်း။

မြန်မာ့ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှုအစီအစဉ် ( MPSI) သည် နိုင်ငံတကာ ပွင့်လင်း အကူအညီမှု အဖွဲ့(IATI) ကြောင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးရံပုံငွေပဏာမခြေလှမ်းအစီအစဉ်နှင့် ငွေကြေးထောက်ပံ့မှုလုပ်ငန်းစဉ် စောင့်ကြည့်လေ့လာမှုများမှ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာခဲ့သော **<u>ထိခိုက်နစ်နာမှု မပြုလုပ်ခြင်းစနစ် (Do No Harm frameworks)</u>** ကြောင့်သော်လည်းကောင်း အကျိုးအမြတ်များ ရရှိနိုင်ပါသည်။ ယခင်က လျှို့ဝှက်မှု

များရှိခဲ့သော ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်များသည်လည်း  လူထုအား ထိထိရောက်ရောက် ဖွင့်ဟ ထုတ်ဖော်မှုစနစ် ကျင့်သုံးခြင်း ကိုလည်း လူထုအခြေပြုအဖွဲ့အစည်းများထံမှ သင်ယူသိရှိခဲ့ပြီဖြစ်သည်။

**အားလုံးပါဝင်မှုနှင့် အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု လိုအပ်ချက်**

မြန်မာ့ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှုအစီအစဉ် ( MPSI) ၏ အတိုင်ပင်ခံတယောက်၏ပြောဆိုချက်အရ ၎င်းသည် သူ၏ အဖွဲ့အစည်းကိုယ်စား    ရန်ကုန်၊ဖားအံ၊မော်လမြိုင်၊ကျောက်ကြီး၊ထားဝယ်၊ဘားကောက်၊ချင်းမိုင် နှင့် ကားချနားဘူရီမြို့များတွင် ရှိသော ကရင်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးတွင်ပါဝင်ပါတ်သက်သူများ အပါ အဝင် တိုင်ပင်ဆွေးနွေးမှုပေါင်း ၁၀၀ ကျော်ပြုလုပ်ခဲ့ပါသည်။ ၎င်းတွေ့ဆုံခဲ့သောအဖွဲ့အစည်းများထဲတွင် KESAN လည်းအပါအဝင်ဖြစ်ပါသည်။

သို့သော်ငြားလည်း ထိုတွေ့ဆုံဆွေးနွေးပွဲများ၏ အချိန်အခါနှင့် အနေအထားသဘောသဘာဝများမှာ စစ်မှန် သော အပြန်အလှန်ဆွေးနွေးခြင်း၊ ပွင့်လင်းမြင်သာမှု နှင့်တာဝန်ခံမှု စသည့်အချက်များကို အထောက် အကူမ ပြုပေ။ ၎င်းတို့၏တွေ့ဆုံမှုများသည် MPSI နှင့်ပတ်သက်သော အကြောင်းအရာ သတင်းအချက်အလက်များကို ဝေမျှရန်၊ ငြိမ်းချမ်းရေးရန်ပုံငွေကို မည့်သို့ကဲ့သို့ရယူနိုင်ရန် စသည့်အချက်အလက် များကို ပြောပြရန်သာဖြစ် သည်။ ထိုကဲ့သို့သော တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု ပုံစံများသည် စစ်မှန်သော ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု၊ ကျယ်ပြန့်သောလူထုထောက်ခံမှု၊ (သို့မဟုတ်) လွတ်လပ်သော၊ ဦးစားပေးသော၊ လူထုကို ရှင်းလင်းပြောကြား သော စသည့်အယူအဆ စသည့် အချက်များနှင့် သဟဇာတမရှိပေ။

MPSI ၏ အင်တာနက်စာမျက်နှာပေါ်တွင် မေလ ၂၃ - ၃၀ ရက်နေ့အတောအတွင်း နော်ဝေး လက်ထောက် နိုင်ငံခြားရေးဝန်ကြီး၏ ချင်းမယ်နှင့် မြန်မာနိုင်ငံသို့ အလည်အပတ်သွားသောခရီးစဉ်နှင့် ပတ်သက်၍ " ဒီခရီး စဉ်က နော်ဝေးရဲ့ နိုင်ငံတကာလုပ်ဆောင်ချက်ကို သက်ဆိုင်သူ ပုဂ္ဂိုလ် အားလုံးတို့က ထောက်ခံတယ်ဆိုတာ အတည်ပြုပေးလိုက်တယ်"  ဟူ၍ အခိုင်အမာ ပြောကြားထားသည်။ အမှန်မှာ ထိုသို့မဟုတ်ပေ။ ချင်းမိုင်တွင် လုပ်သောအစည်းအဝေးတွင် မစ္စတာလာရင်းသည် လူထုကိုယ်စားလှယ်များထံမှ မြောက်များစွာသော မေးခွန်း များ၊ သံသယနှင့် စိုးရိမ်မှုပြည့်နှက်သောမေးခွန်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဤသို့မရေမရာဖြစ်နေ သည့်ကြားမှ မည်ကဲ့သို့ အားလုံးမှ ထောက်ခံပါသည်ဟု အခိုင်အမာပြောဆို နိုင်ပါသနည်း။

**အထက်-အောက်နှင့် အောက်-အထက်**

လက်ရှိ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းတွင် ပါဂင်နိုင်ရေးကို အစိုးရကတားဆီးထားသောကြောင့်  တိုင်းရင်း သား လူမှုရေးအဖွဲ့နှင့် လူထု အခြေပြု အဖွဲ့ အများစုသည် မှတ်ပုံတင်ခြင်း မရှိချေ ။ ကန့်သတ်ချုပ် ချယ်များ သောပေါ်လစီများကြောင့် သော်လည်းကောင်း ၊ မှတ်ပုံတင်ခြင်းစံနစ်၏ မရှင်းလင်းမှုများကြောင့် သော်လည်း ကောင်း ငြိမ်းချမ်းရေး ရံပုံငွေ သည် ရန်ကုန်ရှိ အခွင့်ထူးခံ မျက်နှာကြီး NGO များနှင့်သာ အဆုံးသတ် မည်ဖြစ် သည်။

ကျောက်ကြီးရှိ MPSI စမ်းသပ်စီမံကိန်းတွင် နော်ဝေးပြည်သူ့ အလှူငွေအဖွဲ့ (NPA) မှ စီမံကိန်းကို ကြီးကြပ်ကာ ကရင်ပြည်တွင်း ပုန်းရှောင်သူများကော်မီတီ (CIDKP) ကို စီမံကိန်း အကောင်အထည် ဖော်သူအဖြစ် တဆင့် တာဝန်လွဲ ပေးထားသည်။ စီမံကိန်းအရ ပြည်တွင်းပုန်းရှောင်သူများသည် အပစ်အခတ် ရပ်စဲရေး ဖြစ်မြောက်ပြီးသည်နှင့် လူမှုရေး အကူအညီကို ရရှိခံ စားနိုင် မှာ ဖြစ်ပေသည်။ အလှူရှင်နှင့် နိုင်ငံတကာမှကူညီသူ ( INGO) များသည် ဝေးလံသော အစွန်အဖျားကျသောထိုဒေသများသို့ သွားရောက်နိုင်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးပါသဘော တူညီချက်များအား အကောင်အထည်ဖော် အောင်လုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များကိုလည်း ကြီးကြပ်စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။ စီမံကိန်းမှ ပဋိပက္ခဖြစ်လျက်ရှိသော သက်ဆိုင်ရာအဖွဲ့များ အကြား ပြောဆိုဆွေးနွေးမှုများပြုလုပ်ပြီး ၎င်းတို့အကြား နားလည်မှုရရှိရေးကိုလည်း အားပေးအားမြောက်ပြုပါသည်။ အစိုးရမှ စီမံကိန်းအတွက် CIDKP ကို အကောင်အထည်ဖော် သူအနေဖြင့် အသိအမှတ်ပြုသောကြောင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းတွင်တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ ပါဝင်လာ နိုင်ခြင်းမှာ အပေါင်းလက္ခဏာဆောင်ပါသည်။

ကရင် လူထုအခြေပြုအဖွဲ့ အစည်းအများစုသည် အစိုးရနှင့် ကေအင်န်ယူ ခေါင်းဆောင်များ ဆုံးဖြတ်ချက်များ ချမှတ် ပြီးသည့်နောက်မှသာ စီမံကိန်းအကြောင်းကို သိရှိကြရသည်။ ဤသည်မှာ ပြဿနာတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့သဘောတူညီချက်များအသေဆုံးဖြတ်သတ်မှတ်ထားပြီး ဖြစ်သောကြောင့် နောင်တွင် လိုအပ်ပါက ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်တော့ပေ။ မြန်မာ့ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှုအစီအစဉ် ( MPSI) ၏ ညှိနှိုင်းရေးမှူးများသည် ထိုကဲ့သို့ဆုံး ဖြတ်ချက်များ ချပြီးမှသာ ပြည်သူများ၊လူထုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ပြုလုပ်ကြသည်။ ထိုသို့သော ဆွေးနွေး မှုများကို အများပြည်သူမှ ၎င်းတို့၏လုပ်ငန်းစဉ်များအား တရားဝင် အသိအမှတ်ပြုအောင် ပြုလုပ်ခဲ့သော်လည်း ကျယ်ပြန့်သော လူထုထောက်ခံမှုကို ၎င်းတို့မရခဲ့ပေ။ ထို့ကြောင့် ၎င်းတို့၏ လုပ်ငန်းစဉ် တွင် လွတ်လပ်ခြင်း၊ ကြိုတင် ညှိနှိုင်းခြင်း၊ အကျေအလည် ဆွေးနွေးခြင်းများ ပါဝင်သည် ဟုဆို၍ မရပေ။ တိုင်းရင်းသားတို့သည် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အဓိကကျသူများဖြစ်ပေသည်၊ ၎င်းတို့အား ငြိမ်းချမ်းရေး ရံပုံငွေ လက်ခံယုံသက်သက်မျှလောက်သာ သဘောမထားသင့်ပေ။

## ဖြတ်လမ်းလမ်းစဉ် မလိုက်ရ။

ငြိမ်းချမ်းရေး ရံပုံငွေ ကို ထောက်ခံအားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သူတို့သည် ကောင်းမွန်သော အလေ့အကျင့်များကို သရုပ်ဖော်ကျင့်သုံးနိုင်သော အခွင့်အလမ်းများရှိပါသည်။ ၎င်းတို့သည် တီထွင်ဖန်တီးမှုအားကောင်းသည့်၊ ဒေသအတွင်း အခြေချလုပ်ရှားနေသည့် တိုင်းရင်းသား အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ထိရောက်သော ပြည်သူလူထုနှင့် တွေ့ဆုံတိုင်ပင်ဆွေးနွေးမှုများကို လုပ်ဆောင်နိုင်မှာဖြစ်သည်။

၎င်းတို့သည်တိုင်ပင်ဆွေးနွေး မှုလုပ်ငန်းစဉ်များ ကို အစိုးရ၏ကန့်သတ် သတ်မှတ်ထားသည့်ဘောင်အတိုင်း မပြုလုပ်သင့်ပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော တိုင်ပင်ဆွေးနွေးမှုများကို မှတ်ပုံတင်ထားသည့်

အဖွဲ့အစည်းများ၊ မျက်နှာကြီးအုပ်စု၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ တိုင်းရင်း သားခေါင်းဆောင်တချို့ များနှင့်သာ ပြုလုပ်သင့်သည် ဟူ၍ ကန့်သတ်ချက်များ မထားသင့်ပေ။

ငြိမ်းချမ်းရေး ရံပုံငွေသည် နော်ဝေးဦးစီးသည့် မြန်မာ့ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှုအစီအစဉ် ( MPSI) ၊ ကမ္ဘာ့ဘဏ်၊ နှင့် အခြား ကူညီသည့် အဖွဲ့အစည်းများ မဆိုထားနှင့်၊ ၎င်းငွေသည် မည်သည့်အဖွဲ့အစည်းမှ လာသည်ဖြစ်စေ ထိုငွေများသည် မြို့ပြအပြင်ဘက် ရှိ ဒေသခံ NGO များနှင့် CBO များလက်ထဲမှတဆင့် သက်ဆိုင်ရာပြည်သူ လက်ထဲသို့ ရောက်သင့်သည်။ တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများပြုလုပ်ရာတွင်လည်း ၎င်းတို့ကို ပါဝင်ထည့်သွင်းသင့် သည်။ (အထက်-အောက်) စနစ်ကျင့်သုံးမှုကိုအဆုံးသတ်သင့်သည်။ ငြိမ်းချမ်းရေး ရံပုံငွေကို ထောက်ခံအားပေး ပြီး အကောင်အထည်ဖေါ် လုပ်ဆောင်နေသူများသည် အားပေးသူတို့ အနေဖြင့် အနှစ်နှင့်အကာဟူ၍ ခွဲခြားမှုများ အလုပ်သင့်။

ငြိမ်းချမ်းရေးရံပုံငွေကို ရည်ရွယ်ချက်ကောင်းကောင်း နှင့် မှန်မှန်ကန်ကန် ထိန်းချုပ်ရပေမည်။ လူ့မှုအဖွဲ့အစည်းများ၏ အခွင့်အရေးအရ အမဲပွဲပါယ်ရှိရှိ ပါဂင်နိုင်ရေး၊ သတင်းဖလှယ်ရေး များသည်အရေးပါပြီး အလေးထား ရမည့် အရာများဖြစ်ပါသည်။ ထိုကြောင့် အလျင်စလိုမပြုလုပ်သင့်ပေ။

ငြမ်းချမ်းရေးရံပုံငွေလုပ်ငန်းစဉ်များကို ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် မှန်ကန်စွာ ကြီးကျပ်ဆောင်ရွက်ရမည်။ လူ့မှုအဖွဲ့အစည်း များ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်သော အခွင့်အရေး၊ သတင်းဖလှယ်နိုင်ရေးများ စသော လူထုအခွင့်အရေးများကို ပေးခြင်း၊ ကာကွယ်မြင့် တင်ပေးခြင်းသည် အရေးကြီးသောအရာဖြစ်သည်။

အယုံအကြည်ကင်းမဲ့ခြင်း နှင့် သံသယများမှ ကင်းလွတ်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရံပုံငွေကို ထောက်ခံ အားပေးပြီး အကောင်အထည်ဖေါ်လုပ်ဆောင်နေသူများသည် အောက်ပါအချက်များကို ချွင်းချက်မရှိ လုပ်ဆောင် ရမည်။

- ❖ လူသိရှင်ကြား ဖေါ်ထုတ်ပြသပါ။ ဘာသာပြန်ဆိုထားသော သတင်းအချက်အလက်များအပါအဝင် ငြိမ်းချမ်းရေးရံပုံငွေနှင့်ပတ်သက်၍ မည်သို့သော လုပ်ငန်းစဉ်နှင့်နည်းဗျူဟာများရှိသည်ကို လူသိ ရှင်ကြား ဖေါ်ထုတ်ရှင်းပြပါ။
- ❖ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကို ဒေသမှ နိုင်ငံတော် အဆင့်အထိ ပဋိပက္ခများလျော့နည်းအောင် ပပြောက်အောင် ဖြေရှင်းရာတွင် ဤငြိမ်းချမ်းရေး ရံပုံငွေမှ မည်ကဲ့သို့ သော အထောက်အကူများ ပေးနိုင်မည်ကို ရှင်းလင်းမြင်သာစွာ ထုတ်ဖေါ်ရှင်းလင်းပြပါ။
- ❖ ပဋိပက္ခသုံးသပ်ချက်များ၊ စီမံကိန်းမှ ကြုံတွေ့နိုင်သည့် ပြဿနာများနှင့် ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းမည့် လုပ်ငန်းစဉ်များ၊ စောင့်ကြည့်လေ့လာစီးကြပ်ခြင်းနှင့် ပြဿနာတစ်စုံတစ်ခုဖြစ်လာပါက မည်ကဲ့သို့တာဝန်ယူမှုများရှိသည် စသည့်အချက်များကို လူသိရှင်ကြား ဖေါ်ထုတ်ပြသပါ။
- ❖ အဓိပ္ပါယ်ပြီးပြည့်စုံပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မည့် ရှင်းလင်းစွာရေးသားထားသော တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်နည်းဗျူဟာကို ရေးဆွဲ ၍ ၎င်း

အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အောက်ပါအချက်များပါဝင်သင့်သည်။

- ဦးတည်ချက်၊ ပုံသဏ္ဍာန်၊ အစီအစဉ် နှင့် အချိန်ဇယားများ၊ အစိုးရမဟုတ်သော အုပ်စုမှ ကိုယ်စားလှယ်များ (ဥပမာ- လူထုအခြေခံအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အမျိုးသမီးများ ၊ သက်ကြီးရွယ်အိုများ) မှ များစွာ ပါဝင်နိုင်အောင် ချိန်ညှိပေးမည့် နည်းဗျူဟာများ၊ စသည့်အချက်များကို ဖော်ပြသော ခိုင်မာသည့် တွေ့ဆုံဆွေးနွေးပွဲ လုပ်ငန်းစဉ်များ ကိုရေးဆွဲဖော်ပြ အကောင်အထည်ဖော်ခြင်း။
- တူညီချက်နှင့် ခြားနားချက် များကိုခွဲခြားဖော်ထုတ်သိရှိနိုင်ရန် အသွင်တူသော ဆွေးနွေးချက်များကို မည်သည့်နေရာတွင်မဆို၊ မည့်သူများနှင့်မဆို ပြုလုပ်ခြင်း။
- တွေ့ဆုံဆွေးနွေးပွဲများနှင့် သက်ဆိုင်သော အစီအစဉ်၊ လမ်းညွှန်ချက်များ၊ အကိုးအကား အထောက်အထားများကို အစိုးရမဟုတ်သောအုပ်စုများမှ လွတ်လပ်စွာအသုံးပြုနိုင်ရန် ၊ ကြိုတင် ရှင်းပြထားနိုင်ရန်၊ သက်ဆိုင်ရာ နယ်ပယ်တွင် ကျေကျေလည်လည်ဆွေးနွေးနိုင် ရန် ဆွေးနွေးပွဲမတိုင်ခင် အနည်းဆုံး ရက် ၆၀ အလိုတွင် ထုတ်ပြန်ခြင်း။
- တိုင်ပင်ဆွေးနွေးပွဲများမှ ဆွေးနွေးချက်များ နှင့် ရလဒ်များကို အင်တာနက်စာမျက်နှာပေါ်တွင် လူသိရှင်ကြား ထုတ်ဖော်ပြသခြင်း။
- အချိန်မရွေး ပျက်စီးနိုင်သော ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးရံပုံငွေနှင့် ပတ်သက်သော ဆွေးနွေးပွဲများအတွင်း ပါဝင်သည့် တိုင်းရင်းသားကိုယ်စားလှယ်များအား စစ်တပ်၏ခြိမ်းခြောက်မှုများ၊ နောက်ပိုင်းတွင် ပြန်လည် အွန္တရယ်ပေးမှု (သို့မဟုတ်) အကြမ်းဖက်မှုများ မှကင်းလွတ်နိုင်ရန် ငြိမ်းချမ်းရေး ရံပုံငွေ အတွက်လုပ်ဆောင်နေကြသူတို့မှ အာမခံဆောင်ရွက်ပေးခြင်း။ ဤသည်မှာအလွန်ပင် အရေးကြီးသောအချက်ဖြစ်သည်။

စောပေါလ်စိန်ထွား သည် ကရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှု ရေးလှုပ်ရှားကွန်ယက် (KESAN) ၏ ဒါရိုက်တာ ဖြစ်သည်။